မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 6/ Issue 5 / May / 2013*

## Her children arise and call her blessed.

Proverb 31:28

# Mother's Day *Special Service*

Dear brothers and sisters in Christ,
Greeting to you, in the name of our Lord and Savior Jesus Christ,
And wishes a very happy Mother's Day!
B.C.F cordially invites you and your family to Mother's Day Special Service.

Date … 05/ 12/ 2013 (Sunday)
Time … 2:00 PM
Place - St. Luke's Episcopal Church.
122 S. California Ave. Monrovia, CA 91016




**Mother's Day Message by Saya Mawsan Awng (BCF Youth Minister)**

We will be served potluck dinner after the service.

# B.C.F Food Fair

## You're invited!

## Welcome



**Place**

**Swam Hall**
**Saint Luke's Episcopal Church**
**122 S. California Ave.**
**Monrovia, CA 91016**
***(Corner of E. Foothill Blvd and S. California Ave)***



**Date**

**May 18, Saturday, 2013**

**Time**

**11:00am - 2:00pm**



## Please save the date

***20% of sales proceed will be donated to charity***

**☎Contact Phone No.**
***(562) 944-9091***

**💻 Contact Person**
**Fiona Ang,**
**Alice Ang**
**Thin Thin**
**Robin Saw**



# B.C.F ဈေးရောင်းပွဲ

## ဖိတ်ခေါ်ပါ၏ ။

လာခဲ့ပါ–ဝင်ခဲ့ပါ
**BCF** မှကြိုဆိုတာ
ရုံပုံငွေ .. ဈေးရောင်းပွဲမှာ
ဝယ်ယူ .. အားပေးကာ
စားသုံးတော်မူကြပါ၊

အရသာမျိုးစုံစွာ
မြန်မာ့ရိုးရာ .. အစားအစာ
ထိုင်စားကြည့်မှ .. အရသာသိ
ဒါတွေအကုန်ရှိ

၁၊ မုန့်ဟင်းခါး
၂၊ ဒံပေါက်
၃၊ ပုဇွန်ခွက်ကြော်
၄၊ စမူစာသုတ်
၅၊ တိုဟူးသုတ်
၆၊ ပဲပြုတ်၊
၇၊ အစုံသုတ်၊
၈၊ မုန့်ဖက်ထုပ်၊
၉၊ သဘော်သီးသုတ်၊
၁၀၊ ဝက်သား တုတ်ထိုး၊
၁၁၊ ဝက်သားဟင်း၊
၁၂၊ ဆိတ်သားဟင်း၊
၁၃၊ ချဉ်ဖတ်၊
၁၄၊ ပုဇွန်ချဉ်၊
၁၅၊ ငပိထောင်း၊
၁၆၊ သစ်သီးဖျော်ရည်
◦
◦
◦

# မိခင်ကိုဂုဏ်ပြုပါ၏။

# ကျွန်မရဲ့အမေ

အဖေ့ကို ဇနီးတာဝန် ကျေပွန်ခဲ့သူ .... အမေ။
သားသမီးငါးယောက် .. မွေးဖွားခဲ့သူ .... အမေ။
မြေးတစ်ဆယ့်သုံးယောက်နဲ့ .. မနားရသူ .... အမေ။
ဒီသားသမီးနဲ့ .. ဒီမြေးတွေကြား .. ကြည်နူးနေသူ .... အမေ။

သားသမီးတွေ .. အနီးနားမှ .. တစ်ဖဝါးမကွာ
ယုံကြည်ချက်နဲ့ .. ပံ့ပိုးပေးခဲ့သူ .... အမေ။

သားသမီးတွေ .. မျက်နှာမညှိုးအောင် .. အရိပ်တကြည့်ကြည့်နဲ့
လိုလေသေးမရှိ .. ဖြည့်ဆည်းခဲ့သူ .... အမေ။

သားသမီးတွေ .. အပန်းလည်းဖြေ .. ပျော်ရွှင်ရအောင်
ရယ်ကာမောလို့ .. အတူစားဖို့ .. ချက်ပြုတ်ကျွေးခဲ့သူ .... အမေ။

သားသမီးတွေ .. ရှေ့ရေးတက်လှမ်း .. ကိုယ်တိုင်သင်ပြ
ပညာရဲရင့် .. ပွဲလည်တင့်ရန် .. ရှေ့ဆောင်လမ်းပြခဲ့သူ .... အမေ။

သားသမီးတွေ .. လုံခြုံစိတ်ချ .. လမ်းမမှားရန်
ဘုရားထံဆုပန် .. ချစ်မေတ္တာဖြင့် .. ထွေးပိုက်ခဲ့သူ .... အမေ။

သားသမီးတွေ .. ကြောက်စိတ်မဝင် .. တွန့်ဆုတ်မရှိ
အာဃာသတ္တိ .. ရဲရဲဝံ့ဝံ့ .. စံနမူနာပြခဲ့သူ .... အမေ။

အမေ့အစွမ်း .. အမေ့အလှ .. အမေ့ဂုဏ်ရည် .. အမေ့တေးသံ
မကြားရတာကြာသော်ငြားလည်း
ယနေ့တိုင်မမေ့နိုင်
သတိရအောက်မေ့လျက်
ရင်ထဲနှလုံးထဲ .. ထာဝစဉ်စွဲကာ .. ထင်ဟပ်နေပြီမို့
အနားမှာထပ်ချပ်မကွာ .. အမေ့ပုံရိပ်များ .. ကျန်ရှိနေဆဲ။

ပြောဆိုအမှား .. ရိုင်းပြမှုများ.. ခွင့်လွှတ်စေကြောင်း .. တောင်းပန်ပါ၏။ .... အမေ။

**–အမေရဲ့သမီး–**

# မိခင်၏အကြင်နာ–မေတ္တာ

## မိခင်များအားမေတ္တာဖြင့်ဂုဏ်ပြုပါ၏ ။

ငယ်ရွယ်စဉ်ကတည်းက အစဉ်မမေ့ သိကျွမ်းခဲ့သော ရှောလမုန်မင်းကြီး၏ လှပသော ပညာပြခန်း ဆုံးဖြတ်ချက်တစ်ခုသည် မိခင်မေတ္တာကို ဖေါ်ထုတ်လျက်ရှိရာ ကမ္ဘာကျော် ဂန္ထဝင် သမိုင်းဝင် သမ္မာကျမ်းဝင် ဖြစ်လျက်၊ ဂုဏ်တင်စရာ မိခင်၏မေတ္တာအကြောင်းကို သရုပ်ဖေါ်၏။

လွန်လေပြီသော တနေ့သောအခါဝယ် – ဓမ္မရာဇဝင်တတိယစာစောင် ၃း၁၆–၂၈ “သူ့သား/ကိုယ့်သား”ဟုအငြင်းပွားနေကြသော ပြည်တန်ဆာမနှစ်ဦးသည် ဘုရားသခင်ချပေးတော်မူ၍၊ ညာဏ်ပညာနှင့် ပြည့်စုံသော ရှင်ဘုရင် ရှောလမုန်မင်းကြီး အထံတော်သို့ တရားဆုံးဖြတ်မှုကို နာခံရန် ရောက်လာ၏။

ပြည်တန်ဆာမိန်းမနှစ်ယောက်သည် မင်းကြီး၏ရှေ့တော်၌ ရပ်လျက်။–

မိန်းမက–
“အိုအရှင်...ကျွန်တော်မသည်ဤမိန်းမနှင့်တအိမ်တည်းနေပါသည်။–
တအိမ်တည်းတွင်နေလျက်ကျွန်မသည်သားကိုမွေးဖွားပါသည်။–
သုံးရက်လွန်မှတဖန်ဤမိန်းမသည်သားမျက်နှာကိုမြင်ပါသည်။–
ထိုအိမ်၌အဘယ်ညေ့်သည်မျှမရှိ၊သူနှင့်ကျွန်မနှစ်ယောက်တည်းသာရှိပါသည်။–
ဤမိန်းမသည်ညအခါမိမိသားငယ်ကိုဖိ၍အိပ်မိသောကြောင့်သားငယ်သေပါသည်။–
သန်းခေါင်ယံ၌သူသည်ထ၍ကျွန်တော်မအိပ်ပျော်စဉ်ကျွန်တော်မသားငယ်ကိုယူ၍သူမရင်ခွင်၌ထားပါသည်။– သူမ၏သားငယ်အသေကောင်ကိုမူကား၊ကျွန်မ၏ရင်ခွင်၌ထားပါသည်။–
နံနက်အချိန်၌ကျွန်တော်မသည်သားငယ်ကိုနို့တိုက်ရန်ထသောအခါ သားငယ်သည်သေလျက်ရှိပါသည်။– သို့ရာတွင်၊ကျွန်မသည်သေသောသူငယ်ကိုစေ့စေ့ကြည့်ရှုသောအခါ ကျွန်မဘွားမြင်သောသားမဟုတ်ပါ”ဟုလျှောက်ဆိုသည်။–

အခြားသောမိန်းမကလည်း။–
“မဟုတ်ပါအရှင်...အသက်ရှင်သောသူငယ်သည်ငါ့သား။သေသောသူငယ်သည်သာသင့်သား” ဟုငြင်းလေသည်။

မိန်းမက–
“ထိုသို့မဟုတ်ရပါ။ သေသောသူငယ်သည်သူမ၏သား၊ အသက်ရှင်သောသူငယ်သည်ကျွန်မ၏သားဖြစ်သည်”ဟုဆိုလေသည်။ ထိုသို့ရှေ့တော်၌လျှောက်ဆိုကြလျှင်။–

ရှင်ဘုရင်က–
“မိန်းမတယောက်ကအသက်ရှင်သောသူငယ်သည်ငါ့သား။သေသောသူငယ်သည်သင်၏သားဖြစ်

သည်ဟုဆိုလျက်။တယောက်ကထိုသို့မဟုတ်။သင်၏သားသေပြီ။ ငါ့သားအသက်ရှင်သည်ဟုဆိုသည်။ ထားကိုယူခဲ့”ဟုမိန့်တော်ရှိသည်အတိုင်း၊ … ရှေ့တော်သို့ထားကိုယူခဲ့ကြသည်။ ရှင်ဘုရင်ကလည်း – “အသက်ရှင်သောသူငယ်ကိုဦးခေါင်းမှခြေတိုင်အောင်ခွဲ၍၊ ထိုမိန်းမတို့အား တစ်ယောက်တစ်ဝက်စီပေးလော့”ဟုမိန့်တော်မူသော်၊–

အသက်ရှင်သောသူငယ်၏အမိသည်မိမိသားကိုပိုင်းဖြတ်ပြီးတစ်ဝက်စီဝေပေးမည်ဟုအမိန့်တော်ချမှတ်သံ ကိုကြားရသော်။ …သားငယ်ကိုအလွန်သနား၍၊–

မိန်းမက– “အိုအရှင်…အသက်ရှင်သောသူငယ်ကိုမသတ်ပါနှင့်၊ဤမိန်းမအားပေးတော်မူပါ”
ဟုအလွန်ညှိုးငယ် သောစိတ်နှင့်တောင်းပန်လေသည်။

အခြားမိန်းမက၊– “ငါလည်းမပိုင်၊သင်လည်းမပိုင်စေနှင့်၊ ခွဲသာခွဲကြပါ”ဟုဆိုလေသည်။

ထိုအခါ ရှင်ဘုရင်က၊– “အသက်ရှင်သောသူငယ်ကိုမသတ်နှင့်၊ အရင်မိန်းမအားပေးလော့။
သူမသည်မိခင်ရင်းမှန်သည်”ဟုမိန့်တော်မူသည်။

အကြောင်းမှာ၊–တစ်ဦးကမိခင်အရင်း၊ အခြားတစ်ဦးမှာမိခင်အရင်း မဟုတ်ပါ။ သို့သော်လည်း၊ သားကို နှစ်ပိုင်းဖြတ်ပြီး တစ်ပိုင်းစီပေးမည်ဟု စီစဉ်သောအခါ မိခင်ရင်း ဖြစ်သူကသားငယ်ကို တစ်ပိုင်းမယူလို။ တစ်ကိုယ်လုံးကို မိမိနှင့်တရားပြိုင်သူအား ပေးကာ စွန့်လွှတ်လိုက်သည်။ ပြည်တန်ဆာ မိခင်ပင်လျှင် သူမ၏သားအရင်းကို မနာစေလိုပါ၊ မသေစေချင်ပါ၊ သားအပေါ် သနားကြင်နာစိတ် ယိုဖိတ်လျက် ရင်တွင်း၌ တောက်လောင်နေ သောအပူမီးဒဏ်ကို မိမိတစ်ဦးတည်းသာလျှင် ကြိတ်မှိတ်ခံစားလိုသည်။

(၉)လလွယ်၍ ၊(၁၀)လမှာ ဖွားရသော မိခင်တို့၏သား/သမီး အပေါ်ထားသော မေတ္တာသည် ကြီးမားလှပေသည်။ ပြည်တန်ဆာမိခင်သည်လည်း မိခင်ထဲမှမိခင်တစ်ဦးဖြစ်သည်မို့ အချစ်လျှော့သည်၊ မေတ္တာလျှော့မည်ထင်ပါနှင့်။ နှုတ်ကြမ်းသောမိခင်၊ စိတ်ရိုင်းသောမိခင်၊ မာန်ထောင်သောမိခင်ပင်ဖြစ်ပါလေစေ၊ မိမိတို့သား/သမီးအပေါ်တွင် အစဉ် ကြမ်းမည်၊ ရမ်းမည်၊ မာန်တင်းမည် မဟုတ်ပါ။ အလုံခြုံဆုံးသော မေတ္တာကိုပင် ပေးတတ်ပါသည်။

မိန်းမတို့မည်သည်မှာ မိခင်စိတ်ဓါတ်၊ မိခင်မေတ္တာနှင့် မိခင်တာဝန်တို့ဖြင့် ဘုရားသခင်ပေးအပ်ထားသည့်ကောင်းကြီးမင်္ဂလာ ခံစားရသူဖြစ်သည်။ သား/သမီးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဘုရားပေးအပ်ထားသည့် မေတ္တာကောင်းကြီးသည် မိန်းမတိုင်း၏အတွင်းစိတ်သဘောတွင် သန္ဓေတည်ရှိသည်။

မိခင်၏နှလုံးသားမှာ သားသမီးတို့အတွက် ရက်စက်သောအခန်း မရှိပါ။ ကမ္ဘာဦးမှစ၍ ယနေ့ထိတိုင် မိခင်အများတို့သည် သားသမီးတို့အတွက် အကွယ်အကာ ကျောက်ဆောင်ကြီး သဖွယ် ရပ်တည်နေသည်။

မိန်းမတို့၏အရိုးခံအကြင်နာမေတ္တာကြီးမားလွန်း၍၊ယောကျ်ားများနှင့်နှိုင်းယှဉ်သည့်အခါတိုင်းတွင် အားနွဲ့သူ/အားငယ်သူ ဖြစ်ပါသည်။ ❑

မဆိုရှယ်(မော်တင်လိန်း)

# ဆင်းရဲသော်လည်းလောဘမကြီးသော အဖွားအိုတစ်ယောက်အကြောင်း။

နွေအကုန် ဆောင်းအကူး၊ ချမ်းအေး၍ လေပြေလေညှင်း တိုက်ခတ်သော ညနေစောင်း အချိန်ဖြစ်သည်။ လမ်းလျှောက်နေစဉ် လမ်ဘေး၌ သူတောင်းစားအဖွားအိုတယောက်ကို တွေ့ရသည်။ သူမသည် ဟောင်းနွမ်းသောအဝတ်အစားက ိုဝတ်စားထားသည်။ ပါးရေများလည်းတွန့်လိမ်နေပြီဖြစ်သည်။ သူမ၏ရှေ့တွင် ခွက်ဖလားတခု ချထားသည်ကိုတွေ့ရသည်။

ဤခွက်ဖလားထဲတွင် ပိုက်ဆံတပြားမှမရှိဘဲ ပလာနတ်ထိ ဖြစ်နေသည်ကို တွေ့ရပါသည်။ သနားသောစိတ်ဖြင့် တစ်ဒေါ်လာပေးရန် ငွေစက္ကူကို ထုတ်၍နေစဉ် လေတိုက်သဖြင့် တစ်ဒေါ်လာတန် ငွေစက္ကူတစ်ချပ်နှင့် ငါးဒေါ်လာတန် ငွေစက္ကူတစ်ချပ်လွင့်ပါသွားသည်။ ကျသွားသောငွေစက္ကူကို ကောက်ရန်ကြိုးစား နေချိန်တွင် ဤငါးဒေါ်လာတန် ငွေစက္ကူသည် သူတောင်းစား အဖွားအို၏ ခွက်ဖလားထဲသို့ ကျသွားသည်။ ဤဖြစ်ရပ်ကိုမြင်သော လမ်းသွားလာသူအချို့တို့သည် ကျွန်ုပ်မည်ကဲ့သို့ တုံ့ပြန်မည်ကို စိတ်ဝင်စားစွာဖြင့် ရပ်စောင့်၍ ကြည့်နေကြသည်ကို တွေ့လိုက်သည်။ ဤငါးဒေါ် လာသည် သူမနှင့် ထိုက်သောကြောင့် သူ့ခွက်ထဲ သို့ကျသွားခြင်း ဖြစ်သည်ဟုယူဆပြီး ကျသွားသော တစ်ဒေါ်လာတန်ငွေစက္ကူကို ကောက်ကာ ရှေ့ဆက်သွားသောအခါ အဖွားအိုသည် သူမ၏ခွက်ဖလားထဲသို့ ကျနေသော ငါးဒေါ် လာကိုကောက်၍ တုံ့ချည့်တုံ့ချည့်ဖြင့် ထလာကာ ကျွန်ုပ်ထံသို့ လျှောက်လာသည်။ ကျွန်ုပ်ကျသွားသော ငါးဒေါ်လာကို ပြန်လည်ပေးအပ်သည်ကို အလွန်အံ့ဩစွာဖြင့် တွေ့မြင်ရပါသည်။ ကျွန်ုပ်စိတ်ထဲတွင် လွန်စွာထိခိုက်သွားပါသည်။ ရင်ထဲတွင်လည်းဆို့နစ်သွားပါသည်။

အလွန်ဆင်းရဲသော်လည်း လွန်စွာရိုးသားသော ..သူတောင်းစား အဖွားအိုပါလား။
လောဘမကြီးသော .. အဖွားအိုပါလား။
ဖြောင့်မတ်သော .. အဖွားအိုပါလား။

ကျွန်ုပ်သည် အဖွားအိုပြန်ပေးသော ငါးဒေါ်လာကို လက်မခံသည့်အပြင် ကျွန်ုပ်လက်ထဲတွင် ရှိနေသောတစ်ဒေါ်လာကိုပင် ထပ်မံ၍ထည့်ပေးလိုက်ပြီး ဘုရားသခင်ကောင်းချီးပေးပါစေ ဟုဆုတောင်းပေးသည်။ ကျွန်ုပ်ခေါင်းလှည့်ကြည့်လိုက်သောအခါ ဤအဖြစ်အပျက်ကို မြင်တွေ့နေသောသူများထည့်သဖြင့် အဖွားအို၏ ခွက်ဖလားထဲတွင် ငွေစက္ကူများပြည့် နေသည်ကိုတွေ့ လိုက်ပါသည်။❑

**John Ma**

<u>မှတ်ချက်။</u> ၁၂–၂၈–၂၀၁၂ ထုတ်တရုပ်သတင်းစာ World Journal ၏ Home Section တွင်ပါသော “ဆင်းရဲသော်လည်းလောဘမကြီးပါ”ဟူသောစာမူကိုမှီ၍သင့်တော်လို ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

# အချိန်မနှောင်းခင်...

ခင်လေးမွန်

ကျမအဖေဆုံးတော့ အမိုးမရှိတဲ့အိမ်မှာ နေနေရသလိုမျိုးခံစားရပါတယ်။ ဒါပေမဲ့ အမေ ရှိနေသေးတဲ့အတွက် အကာအကွယ် တစ်ခုရနေသေးလို့ သိပ်ဝမ်းနည်းမှုမျိုး မခံစားရပါဘူး။

နောက်တခါ အမေဆုံးတော့ အကာမရှိတဲ့ အိမ်မှာနေရသလို မျိုးခံစားရပြန်တယ်။အဲဒီတော့မှ အမိုးမဲ့ အကာမဲ့တဲ့ ဘဝမို့ တော်တော်လေး ဝမ်းနည်းကြေကွဲစွာ ခံစားရပါတယ်။

ရန်ကုန်မြို့မှာ နေစဉ်အခါက၊ ဘုရားးရှိခိုးကျောင်း၌ မိဘများနေ့၌ဆိုရင် မိဘနှစ်ပါးလုံး ရှိသူကို ပန်းအနီနှစ်ပွင့် ရင်ဘတ်မှာ ထိုးပေးပြီး၊ မိဘတစ်ဦးတည်းရှိသူကို ပန်းအနီတပွင့်နဲ့အဖြူတစ်ပွင့် ထိုးပေးပါတယ်။ ဒါပေမဲ့ မိဘနှစ်ပါးလုံးမရှိတဲ့ သူကျတော့ ပန်းအဖြူချည်းဘဲ နှစ်ပွင့် ထိုးရပါတယ်။ အဖြူရောင်ပန်းနှစ်ပွင့်ကို ရင်ဘတ်မှာ ထိုးရတော့မှ ပန်းအနီရောင်နှစ်ပွင့် ထိုးခွင့်ရခဲ့တဲ့ အချိန်ကာလကို ပြန်လည်တမ်းတကာ လိုခြင်မိပါတယ်။ ဒါပေမဲ့ မရတော့ပါဘူး။ နှောင်းခဲ့ပါပြီ။

မြန်မာ့သမိုင်း(ရာဇဝင်)ထဲက၊ အဇာတသတ်မင်းကြီးဟာ သူဘုရင်ဖြစ်ခြင်လွန်းလို့ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို နန်းချပြီး ထောင်ထဲမှာလည်း မြန်မြန်သေအောင် အစာရေစာ အငတ်ထားကာ နေ့စဉ် သူ့ခမည်းတော်ရဲ့ အခြေအနေကို သတင်းပို့စေတယ်။ တနေ့မှာ သူ၏မိဖုရားက သားလေးမွေးကြောင်း သတင်းလည်းရရော ဖခင်စိတ်ဝင်လာတာမို့ ဖခင်ကို ထောင်ထဲက လွှတ်စေဖို့ အမိန့်ချလိုက်ပါတယ်။ ဒါပေမဲ့ အချိန်နှောင်းသွားပါပြီ။သူ၏ဖခင်ခမည်းတော်ကြီးဟာ အစာရေစာ ငတ်မွတ်ခြင်းကြောင့် နတ်ရွာစံ သွားပါပြီး။

မိဘ အစုံအလင် ရှိနေသေးတဲ့ ညီအစ်ကိုမောင်နှမအားလုံးကို ပြောခြင်ပါတယ်၊...

“ကိုယ်မိဘဖြစ်လာမှ မိဘရဲ့ကျေးဇူးကို သိတတ်တဲ့ သူတွေမဖြစ်ဘို့... မိဘကွယ်လွန်ပြီးမှ ငါမပြုစုလိုက်ရလေခြင်းလို့ နောင်တမရစေဘို့... အချိန်မနှောင်းခင်မှာ ကိုယ့်မိခင်နဲ့ဖခင်ကို သူတို့စားနိုင် သောက်နိုင် သွားနိုင် လာနိုင်တုံး အချိန်မှာ သူတို့ကို စိတ်ချမ်းသာအောင် ထားပြီးပြုစုပေးကြပါ။”

တရုတ်ပုံပြင်လေးတစ်ခုမှာ အဖွားဖြစ်သူကို အမေဖြစ်သူက ကောင်းစွာပြုစုကျွေးမွေးခြင်း မရှိလို့ အဖွားဆုံးတော့ အမေက အဖွားနေ့စဉ်ထိုင်တဲ့ထိုင်ခုံကို လွှတ်ပစ်မယ်လုပ်တော့၊ မြေးမလေးက မလွှတ်ပစ်ပါနဲ့၊ အမေလည်း အဖွားလို အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ၊ အဲဒီခုံမှာ ထိုင်ခိုင်းဖို့ သိမ်းထားခြင် ပါတယ်လို့ ပြောလိုက်ပါတယ်။

ဒါကြောင့်၊ ကိုယ့်မိဘကို ဘယ်လိုပြုစု နေသလဲဆိုတာကို ကိုယ့်ရဲ့သားသမီးတွေက စံနူနာယူဘို့ကြည့်နေမှာမို့၊ ကိုယ့်ကိုသားသမီးတွေက ကောင်းကောင်းပြုစုစေခြင်ရင်၊ ကိုယ့်မိဘကိုလည်း ကောင်းစွာပြုစုကြပါ။ ဒီလိုပြုခြင်းဟာ ဘုရားသခင်ရဲ့အလိုတော်နဲ့အညီ ဂတိတော်နှင့်ဆိုင်တဲ့ ပညတ်ချက်လည်းဖြစ်ပါတယ်။

အမေရိကားရောက်လို့ Americanized ဖြစ်ပြီး။တစ်နှစ်လုံးနေမှ Mothers/Fathers day, Thanksgiving day အပြင်၊ မိဘတွေရဲ့ မွေးနေ့လောက်မှာဘဲ “I love you” ဆိုပြီး လက်ဆောင်ပစ္စည်းနဲ့ စားစရာ ပေးရုံလောက်သာတာဝန်ကျေပြီဆိုတဲ့ သားသမီးစာရင်းထဲမှာ ပါနေသလားဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်ပြီး၊ အချိန်မနှောင်းခင် ပြုပြင်ပြောင်းလဲကာ၊ မိဘများကို ရိုသေစွာ ပြုစုခြင်းဖြင့် ကျေးဇူးဆပ်ကြပါစို့လား !!!။

> မိဘကို ရိုသေစွာပြုလော့။ ဤပညတ်တော်ကား၊ သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည်အကြောင်း ဟူ၍ ဂတိတော်နှင့်ဆိုင်သော ပဌမပညတ်ဖြစ်၏။

## What are Mothers?

**by: Tha H.**

Mothers are people sent down by God to keep this world alive;
Both animals and humans alike;
they produce the world's next generation;

Mothers sacrifice their lives to raise us;
They give up their childhood dreams to kindle the light in their younglings' minds, to produce the next generation of dreams;

Mothers make their lives harder, so our lives could be easier;

Mothers are the ones that will keep loving us for eternity,
even if we leave them;

This day, Mothers' Day, was made to honor the sacrifices, the love,
the hardships.

Mothers, our mothers, faced as a parent, a guardian, a provider, and an angle.

# Happy Mothers' Day

---

## My Mother

**by: Tha H.**

My mother is a one-of-a-kind. There will never be another person like my mother. She gives my sister and me hope when our self-esteems are low. She teaches us of God, why He is the priority of our lives. She teaches us of the Bible. She tells us to read the Bible everyday and to pray always before doing anything.

She teaches us how to cook, how to clean, and the skills that we will be needing for our future. Mom always picks us up from school, and helps us if we need help with our homework. She helps us with our projects too. She cooks for us everyday so that when it is time to eat, the food is either in the refrigerator or the microwave. Mom cleans the house every Friday and Saturday and explains to us, the importance of a clean house. Who cannot be thankful for a mother like this? I'm very thankful for a mother that God has given me.

***“One mother can take care of ten children, but her ten children cannot take care of their mother."***

---

# AN INSPIRATIONAL SHORT STORY FOR MOTHER'S DAY

A man stopped at a flower shop to order some flowers to be wired to his mother who lived two hundred miles away.
As he got out of his car he noticed a young girl sitting on the curb sobbing.
He asked her what was wrong and she replied, "I wanted to buy a red rose for my mother.
But I only have seventy-five cents, and a rose costs two dollars."
The man smiled and said, "Come on in with me. I'll buy you a rose."
He bought the little girl her rose and ordered his own mother's flowers.
As they were leaving he offered the girl a ride home.
She said, "Yes, please! You can take me to my mother."
She directed him to a cemetery, where she placed the rose on a freshly dug grave.
The man returned to the flower shop, canceled the wire order, picked up a bouquet and drove the two hundred miles to his mother's house.



# Beautiful Inspiring Story: Mother's Love

A little boy came up to his mother in the kitchen one evening while she was fixing supper, and handed her a piece of paper that he had been writing on.
After his Mom dried her hands on an apron, she read it, nd this is what it said:

For cutting the grass: **$5.00**
For cleaning up my room this week: **$1.00**
For going to the store for you: **$.50**
Baby-sitting my kid brother while you went shopping: **$.25**
Taking out the garbage: **$1.00**
For getting a good report card: **$5.00**
For cleaning up and raking the yard: **$2.00**
Total owed: **$14.75**

Well, his mother looked at him standing there, and the boy could see the memories flashing through her mind.

She picked up the pen, turned over the paper he'd written on, and this is what she wrote:

For the nine months I carried you while you were growing inside me:
**No Charge**
For all the nights that I've sat up with you doctored and prayed for you:
**No Charge**
For all the trying times, and all the tears that you've caused through the years: **No Charge**
For all the nights that were filled with dread, and for the worries I knew were ahead: **No Charge**
For the toys, food, clothes, and even wiping your nose: **No Charge**
Son, when you add it up, the cost of my love is: **No Charge.**

When the boy finished reading what his mother had written, there were big tears in his eyes, and he looked straight at his mother and said, "Mom, I sure do love you."

And then he took the pen and in great big letters he wrote:
"**PAID IN FULL**".

**Lesson from the Above Inspiring Story:**

1) You will never know how much your parents worth till you become a Parent

2) Be a giver not an asker, especially with your parents. There is a lot to give, besides money.

**Advice**: IF your mom is alive and close to you give her a big kisses and asks her for forgiveness. If she is far away call her. If she passed away, pray for her.

